Kumudra Social Life Support Association
ကုမုဒြာလူမှုဘဝရှင်သန်ကူညီရေးအသင်း

No.23/B, Kyaung Thit St, (8) Ward, Mayangone township, Yangon.

+959 756 796 851

MMTNetwork@mmtn.org, Nlin@mmtn.org

# ဝန်ထမ်းခေါ်ယူခြင်း

| | |
|---|---|
| စီမံချက်အမည် | HIV Prevention Project GF_MMTN |
| ရာထူး | Peer Educators<br>ကျောက်မဲမြို့ အတွက် HIV ကာကွယ်တားဆီးရေး ပညာပေးသူ (၂) ဦးနှင့်<br>သီပေါမြို့အတွက် HIV ကာကွယ်တားဆီးရေး ပညာပေးသူ (၂) ဦး |
| တာဝန်ကျရာဒေသ | ကျောက်မဲမြို့ နှင့် သီပေါမြို့ (ရှမ်းပြည်နယ်မြောက်ပိုင်း) |
| ဦးတည်အုပ်စု | Key Population (MSM/TGW/SW) |
| အစီရင်ခံတင်ပြရမည့်သူ | Peer Supervisor |
| စာချုပ်အမျိုးအစား | (၃) လစာချုပ် (Possible Extension) |
| စီမံချက် ကာလ | ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ( ၁ ) ရက် မှ ၂၀၂၆ ဒီဇင်ဘာလ ( ၃၁ ) ရက်ထိ |
| လျှောက်လွှာပိတ်မည့်ရက် | ၂၀၂၆ ခုနှစ် အောက်တိုဘာလ ( ၇ ) ရက် |

**အဖွဲ့အကြောင်း**

မြန်မာနိုင်ငံ ကုမုဒြာ လူမှုဘဝရှင်သန်ကူညီရေးအသသင်း ( Myanmar MSM and TGW Network ) ကို ၂၀၀၉ ခုနှစ်မှစတင်ကာ နိုင်ငံအဝှမ်းရှိ HIV/AIDS နှင့်ပတ်သက်၍ အကူအညီပေးနေသော ကိုယ်ထူကိုယ်ထ အဖွဲ့များမှ ခေါင်းဆောင် ကိုယ်စားလှယ်များ ဖြင့် စတင်ကာ ဖွဲ့စည်းခဲ့ပါသည်။ စတင်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးသားချင်း ချစ်ခင်စုံမက်သူများနှင့် အမျိုးသမီးကဲ့သို့ ဝတ်စားဆင်ယင်သူများ ( Men who have Sex With Men- MSM and Transgender Women – TGW ) များအကြား HIV ကူးစက်နှုန်း ကျဆင်းစေရေးနှင့် ဘဝတူအချင်းချင်းကြား ကျန်းမာရေးနှင့် ပတ်သက်သော အခွင့်အရေးတန်းတူညီမျှ ရရှိစေရန် ဖြစ်သည်။

စတင်ဖွဲ့စည်းသည့်အချိန်မှ စတင်ကာ နှစ်စဉ် နှစ်ပတ်လည် အစည်းဝေးများကို ပုံမှန် ကျင်းပကာ အုပ်ချုပ်ရေး ဦးဆောင် ကော်မတီကို ဆန္ဒမဲဖြင့် ရွေးချယ်ခဲ့သည်။ ထိုနည်းတူစွာပင် ဒေသအသီးသီးရှိ ကိုယ်စားလှယ်များအားလည်း ထိုနည်းတူစွာ သက်ဆိုင်ရာဒေသများတွင် ရွေးချယ်ခဲ့သည်။

ယခုအခါတွင် ကုမုဒြာ လူမှုဘဝရှင်သန်ကူညီရေးအသင်း (၁/ပြည်တွင်း/၃၃၅၀) သည် ကျန်းမာရေး နှင့်ပက်သက်သော ကူညီထောက်ပံ့ရေးလုပ်ငန်း များအပြင် အခြားသော တန်းတူညီမျှမှုဆိုင်ရာ အခွင့်အရေးများကိုလည်း ကူညီထောက်ပံ့မှုများ နှင့် အရေးဆိုတောင်းဆိုခြင်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်လျှက်ရှိပါသည်။

No.23/B, Kyaung Thit St, (8) Ward, Mayangone township, Yangon.
+959 756 796 851
MMTNetwork@mmtn.org, Nlin@mmtn.org

**စီမံချက်အကြောင်း အကျဉ်းချုပ်**

၂၀၂၄ - ၂၀၂၆ ခုနှစ် အတွင်း လူထုဦးဆောင်သော HIV ဝန်ဆောင်မှု လုပ်ငန်းများကို လျာထားသည့် စီမံချက် မြို့နယ်များတွင် ဆောင်ရွက်ပါမည်။

**ထမ်းဆောင်ရမည့် တာဝန်နှင့် ဝတ္တရားများ**

- HIV/STI ကာကွယ်ရေးလုပ်ငန်းများအတွက် ဦးတည်အုပ်စုများ (MSM/TGW) သို့ ကျန်းမာရေး အသိပညာများ ကွင်းဆင်းပညာပေးခြင်း၊ ကွန်ဒုံးနှင့် ချောဆီများကို ဖြန့်ဝေပေးခြင်း ၊ HIV ရှိ/မရှိ သွေးစစ်ဆေးပေးခြင်း။
- ကွင်းဆင်းလုပ်ငန်းများမှတဆင့် လိုအပ်သော သွေးစစ်ဆေးမှုနှင့် ကုသမှုများအတွက် ကျန်းမာရေး ဌာနသို့ လူကိုယ်တိုင် လွှဲပြောင်း ပို့ဆောင်ပေးခြင်း။
- နေ့အလိုက် လုပ်ဆောင်ချက်များအား မှတ်တမ်းများ၊ အစီရင်ခံစာများ၊ စာရင်းဇယားများ နှင့် အချက်လက်များအား ဖြည့်သွင်းခြင်း နှင့် စနစ်တကျ သိမ်းဆည်းခြင်း။
- သက်ဆိုင်ရာ ကြီးကြပ်ရေးမှူး ထံသို့ အပတ်စဉ် ၊ လစဉ် အစီရင်ခံစာများ အချိန်မှီပေးပို့တင်ပြခြင်း။
- လိုအပ်ပါက သင်တန်းများ ၊အစည်းအဝေးများ တက်ရောက်ခြင်း။
- စာရင်းစစ်လုပ်ငန်းများနှင့် ကြီးကြပ်သူများ ၊ အလှူရှင်များ၏ စီမံကိန်း လုပ်ငန်း စောင့်ကြည့် ကြီးကြပ်ခြင်းနှင့် အကဲဖြတ် လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ခြင်း။
- လိုအပ်ပါက စီမံချက် နှင့် ဆက်စပ်သော သီးခြားတာဝန်ပေးအပ်မှုများကို ကျေပွန်စွာ ဆောင်ရွက်ခြင်း။

**လျှောက်ထားမည့်သူများ၏ အရည်အချင်းသတ်မှတ်ချက်များ**

- အနိမ့်ဆုံး အခြေခံပညာ အလယ်တန်း အဆင့်ရှိသူဖြစ်ရမည်။
- HIV နှင့် ပက်သက်သော စီမံကိန်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ဖူးသည့် အတွေ့အကြုံရှိရမည်။
- စီမံကိန်း မြို့နယ်၏ ဒေသနယ်မြေအခြေအနေများနှင့် ရင်းနှီးကျွမ်းဝင်သူ ဒေသခံ ဖြစ်ရမည်။
- လျှို့ဝှက်ထိန်းသိမ်းခြင်းကို လေးစားလိုက်နာနိုင်သူဖြစ်ရမည်။
- အဖွဲ့အစည်းနှင့် ပူးပေါင်းနိုင်ပြီး စိတ်အားထက်သန်စွာ သင်ယူလိုစိတ်ရှိသူ ဖြစ်ရမည်။
- မော်တော်ဆိုင်ကယ်ရှိသူ၊ ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ၊ စီမံချက် နယ်မြေအတွင်းနေထိုင်သူများ ကိုဦးစားပေးမည်။
- အဖွဲ့အစည်းနှင့် ပူးပေါင်းနိုင်သူဖြစ်ရမည်။ လက်ရှိစေတနာ ဝန်ထမ်းလုပ်ကိုင်နေသူကို ဦးစားပေးမည်။

(ဦးတည်အုပ်စုဝင် (MSM/TGW) များလျှောက်ထားရန် တိုက်တွန်းအပ်ပါသည်။)

လျှောက်ထားလိုသူများသည် ၂၀၂၆ ခုနှစ် ဇက်တင်ဘာလ ( ၄ ) ရက်၊ ညနေ ( ၅း၀၀ ) နာရီချိန် နောက်ဆုံးထားပြီး လူကိုယ်တိုင်ဖြစ်စေ အောက်ဖော်ပြပါ လိပ်စာသို့ အီးမေးလ်ဖြစ်စေ၊ CV အားခါတ်ပုံရိုက်၍ ဖြစ်စေ လျှောက်ထားနိုင်ပါသည်။

(ရွေးချယ်ခြင်းမရှိသော လျှောက်လွှာများအား ပြန်လည် အကြောင်းကြားလိမ့်မည် မဟုတ်ပါ)

ရုံးလိပ်စာ - အမှတ် (၂၃/ဘီ) ကျောင်းသစ်လမ်း ၊ အမှတ် (၈) ရပ်ကွက် ၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။

| | |
|---|---|
| ဖုန်း | ➢ 09974562080 |
| | ➢ 09 756796851 |
| | ➢ 09 756796851 |
| အီးမေးလ် | ➢ Amkko@mmtn.org |
| | ➢ Stlwin@mmtn.org |
| | ➢ MMTNetwork@mmtn.org |